ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၄/ ၂၀၁၆
၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်)

■လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း■

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်" လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌ
(ခ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ
(ဂ) ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ
(ဃ) ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန အဖွဲ့ဝင်
(င) ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အဖွဲ့ဝင်
(စ) ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန အဖွဲ့ဝင်
(ဆ) ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဖွဲ့ဝင်
(ဇ) ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင်
(ဈ) ဝန်ကြီးချုပ် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး အဖွဲ့ဝင်
(ည) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန အတွင်းရေးမှူး

၂။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ ဖွဲ့စည်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာ အုပ်စု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အစီရင်ခံစာများပါ အကြံပြုတိုက်တွန်း ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီဖြေရှင်း ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခြင်း။

(ခ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် လယ်ယာမြေနှင့်အခြားမြေများ

သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာပါ မြေသိမ်းမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီး ဌာန၊ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်း ဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းများက ပြန်လည် စွန့်လွှတ်သည့် လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သော သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေးဆောင်ရွက်ခြင်း။

(ဃ) မြေယာအငြင်းပွားမှုများနှင့်ပတ်သက်၍ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ရာတွင် မြေကို စီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင် သာယာရေးကော်မတီများက ကျင့်သုံး လျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲ ဥပဒေများနှင့်အညီ ဖြေရှင်း ဆောင်ရွက်ခြင်းရှိ/ မရှိစိစစ်ခြင်း။

၃။ "လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ" သည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန် ဆောင်ရွက်နိုင်သည်။

၄။ ယခုအစိုးရသည် လယ်ယာမြေအငြင်းပွားမှုပြဿနာများကို အထူးဦးစားပေးပြီး အမြန်ဆုံး ဖြေရှင်းရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် လယ်ယာမြေသိမ်းဆည်းခြင်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားရန် ဖြစ်ပါသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်